# ဓမ္မဘောရီဆရာတော်၏ ဓမ္မသင်တန်း

## ဩဂုတ်လ ၃၁-ရက် မှ စက်တင်ဘာ ၂-ရက် (Labor Day Weekend)

ဓမ္မဘောရီဆရာတော် အရှင်ဝိရိယ (တောင်စွန်း)သည် ၂၀၁၃-ခုနှစ် ဩဂုတ်လ (၂၆)ရက်နေ့တွင် လောကချမ်းသာဘုရားကျောင်းသို့ ရောက်ရှိ သီတင်းသုံးမည် ဖြစ်ပြီး၊ ဩဂုတ်လ (၃၁)ရက် စနေနေ့မှ စက်တင်ဘာလ ၂-ရက် တနင်္လာနေ့ထိ နေ့စဉ် မွန်းလွဲ ၂-နာရီမှ ညနေ ၅-နာရီထိ ဓမ္မသင်တန်းနှင့် အမေးအဖြေများ ပြုလုပ်ပါမည်။

## ဝိရိယပုဗ္ဗတ္တိအကျဉ်း



- ၁၃၀၇ ခုနှစ်တွင် နတ်မောက်မြို့နယ်၊ ဥယျာဉ်တောင်ရွာမှာ ဦးပု + ဒေါ်ဝင်းစိန်တို့က မွေးဖွား။
- ၁၃၁၉ နှစ်မှာ ရှင်သာမဏေပြုပြီး ၁၃၂၃ နှစ်မှာ အမရပူရ တူမောင်းတိုက်ကို ပညာသင်ရောက်ရှိ။
- ၁၃၂၅ ခုနှစ်မှာ ပထမငယ်တန်း တစ်နိုင်ငံလုံး တတိယဖြင့် အောင်မြင်။ ၁၃၂၆ ခုနှစ်က စ၍ တူမောင်းတိုက်မှာ သာမဏေဘဝဖြင့် စာချ,စာသင် နှစ်တာဝန်ကို ထမ်းဆောင်ခဲ့။
- ၁၃၃၂ ခုနှစ်မှာ သာသနဓဇ ဓမ္မာစရိယဘွဲ့ အောင်မြင် ရရှိ။ ၁၃၄၂ ခုနှစ် တိပိဋကရွေးချယ်ရေး စာမေးပွဲမှာ ပိဋကတစ်ပုံဆောင် ဒီဃဘာဏကဘွဲ့ ရရှိ။ ၁၃၄၃ ခုနှစ်မှာ ဒီဃနိကာယအဂ္ဂဓမ္မာစရိယဘွဲ့ ကို တစ်နိုင်ငံလုံး ဒုတိယဖြင့် အောင်မြင် ရရှိ။
- ၁၃၄၂ ခုနှစ်က စပြီး အမရပူရမြို့ တူမောင်းတိုက်၊ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိတိုက်တို့မှာ ပဋ္ဌာန်းညဝါကို နှစ်စဉ် တစ်နှစ် (၂)ကြိမ် ပို့ချခဲ့။
- ၁၃၆၈ ခုနှစ်မှ စပြီး မော်ဘီမြို့၊ ဓမ္မဒူတဇေတဝန်တောရ၊ ဆေကိန္ဒာရာမကျောင်းတိုက်မှာ အဘိဓမ္မာ နေ့ဝါနှင့် ပဋ္ဌာန်းညဝါကို ယခုတိုင် ပို့ချဆဲ။
- ၂၀၀၀ ခုနှစ်မှ စပြီး စာရေးဆရာကြီး မောင်မဲ၊ ကံထွန်းသစ်နှင့် ရဝေနွယ်(အင်းမ)တို့ရဲ့ တိုက်တွန်းမှုအရ မြတ်သတိဝါဒီ၊ ဓမ္မရိပ်၊ ဓမ္မဗျူဟာ၊ အတွေးသစ်၊ အလင်းတန်း၊ ရွှေမန္တလေး တို့မှာ မထေရ်မြတ်တို့ စကားဝိုင်းနှင့် ဓမ္မရေးရာ စာပေများ ရေးသားခဲ့ပြီး၊ အခါအားလျော်စွာ တရားဓမ္မဟောကြားခြင်း၊ ယဉ်ကျေးလိမ္မာကလေးသင်တန်းများ ပို့ချခြင်း စတဲ့ လောကရေး၊ ဓမ္မရေးအလုပ်များကို စွမ်းနိုင်သမျှ လုပ်ဆောင်လျက် ရှိ။